Message Four

## ယောဘနှင့် အပင်နှစ်ပင်

ဖတ်ရန်ကျမ်း။ ။ က၊၂း၉၊ ၁၇။ ဗျာ၊၂၂း၁-၂၊ ၁၄။ ယောဘ၊၁း၁။ ၂း၃။ ၄၂း၁-၆

**I. ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ အပင်နှစ်ပင်၊ အရင်းအမြစ်နှစ်ခု၊ နည်းလမ်းနှစ်ခု၊ မူအလေ့အလာနှစ်ခုနှင့် ပြီးမြောက်ပြည့်စုံခြင်းနှစ်ခု ရှိနေသည်။**

A. အပင်နှစ်ပင်။

1. အသက်ပင်သည် လူသည် ကိုယ်တော်နှင့်အတူ ဆက်နွယ်ခြင်း၌ လူထံသို့ အသက်ဖြစ်သော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည် - က၊၂း၉။ ဆာ၊၃၆း၉က။

2. ကောင်းမကောင်းသိကျွမ်းရာအပင်သည် ဘုရားသခင်၏ရှေ့တော်မှာ လူ၏ကျဆင်းခြင်း၌ လူထံသို့ သေခြင်းဖြစ်သော စာတန်၊ မာရ်နတ်၊ ဆိုးညစ်သူကို ပုံဆောင်သည် - က၊၂း၁၇။

B. အရင်းအမြစ်နှစ်ခု။

1. အသက်ပင်သည် ဘုရားသခင်ကို မိမိတို့၏မစမှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် အသက်အဖြစ် ရှာဖွေသော လူများ၏ အရင်းအမြစ်ဖြစ်သည် - ယော၊၁း၄။ ၁၅း၁။

2. ကောင်းမကောင်းသိကျွမ်းရာအပင်မှာ မိမိတို့ကို သေခြင်းသို့ရောက်စေသာ အဆိပ်နှင့် ထာဝရပျက်စီးရာသို့ ရောက်ခြင်းအဖြစ် စာတန်နောက်သို့ လိုက်သော လူများ၏ အရင်းအမြစ်ဖြစ်သည် - ၈း၄၄။

3. ဤအရင်းအမြစ်နှစ်ခုမှ ထွက်ပေါ်လာသောအရာမှာ နိုင်ငံနှစ်ခုဖြစ်သည် - ဘုရားသခင်၏နိုင်ငံတော်နှင့် စာတန်၏နိုင်ငံတို့ဖြစ်သည် - မ၊၁၂း၄၃။ ၁၂း၂၆။ ကော၊၁း၁၃။

C. နည်းလမ်းနှစ်ခု။

1. ပထမနည်းလမ်းမှာ အသက်၏လမ်း၊ တင်းကျပ်ကျဉ်းမြောင်းသောလမ်းဖြစ်ပြီး၊ လူတို့သည် ဘုရားသခင်ကို ရှာဖွေရန်၊ ဘုရားသခင်ကို အမြတ်ရရန်၊ မစမှုအဖြစ် ကိုယ်တော်၏ထာဝရအသက်၌ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်စေရန်အတွက် ဖြစ်သည် - မ၊၇း၁၄။ တ၊၉း၂။ ၁၆း၁၇။ ၁၈း၂၅-၂၆။ ၂ပေ၊၂း၁၅၊ ၂၁။

2. ဒုတိယနည်းလမ်းမှာ သေခြင်းနှင့် ကောင်းမကောင်း၏ လမ်း၊ ကျယ်ပြန့်သောလမ်းဖြစ်ပြီး၊ လူတို့သည် စာတန်၏သားသမီးများဖြစ်ရန် သူ့နောက်သို့ လိုက်ခြင်းအတွက် ဖြစ်သည် - မ၊၇း၁၃။ ၁ယော၊၃း၁၀က။

D. မူအလေ့အလာနှစ်ခု။

1. ပထမမူအလေ့အလာမှာ အသက်၏အလေ့အလာ - ဘုရားသခင်အပေါ် မှီခိုခြင်း၏ မူအလေ့အလာဖြစ်သည် - ယော၊၁၅း၅။ က၊၄း၄။

2. ဒုတိယမူအလေ့အလာမှာ သေခြင်းနှင့် ကောင်းမကောင်း၏ မူအလေ့အလာ - ဘုရားသခင်ထံ မှီခိုမှုမရှိသော မူအလေ့အလာဖြစ်သည် - ယေ၊၁၇း၅-၆။ က၊၄း၃။

E. ပြီးမြောက်ပြည့်စုံခြင်းနှစ်ခုမှာ လူတို့က ဘုရားသခင်နှင့် သူတို့ဆက်နွယ်ခြင်း၌ ယူဆောင်ကြသည့် နည်းလမ်းနှစ်ခုမှ နောက်ဆုံးထွက်ပေါ်လာသောရလဒ်ဖြစ်သည်။

1. ဘုရားသခင်၏အသက်လမ်း ပြီးမြောက်ပြည့်စုံခြင်းမှာ အသက်ရေ၏မြို့တော် ယေရုရှလင်မြို့သစ် ဖြစ်သည် - ဗျာ၊၂၁း၂။ ၁၀-၁၁။ ၂၂း၁-၂။

2. သေခြင်းနှင့် ကောင်းမကောင်း၏လမ်း ပြီးမြောက်ပြည့်စုံခြင်းမှာ ငရဲမီးအိုင်ဖြစ်သည် - ၁၉း၂၀။ ၂၀း၁၀၊၁၄-၁၅။ ၂၁း၈။

**II. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘအား ကောင်းမကောင်းသိကျွမ်းရာအပင်၏ လမ်းကြောင်း၌ ရှိစေရန်မဟုတ်ဘဲ၊ အသက်ပင်၏လမ်းကြောင်း၌ ယောဘအား ရှိစေရန် ဖြစ်သည်။**

A. ယောဘနှင့် သူ့မိတ်ဆွေများ၏ တွေးခေါ်မှုစနစ်မှာ ကောင်းမကောင်းသိကျွမ်းရာအပင်၏ လမ်းကြောင်းအတိုင်းပင် ဖြစ်သည် - ယောဘ၊၂း၁၁-၃၂း၁။

B. ယောဘသည် သူ၏မိတ်ဆွေများကဲ့သို့ပင် အမှန်နှင့်အမှားကို သိကျွမ်းခြင်း၌ ရပ်တန့်နေခဲ့ပြီး၊ ဘုရားသခင်၏စီမံကိန်းကို သိကျွမ်းခြင်း မရှိခဲ့ပေ - ၄း၇-၈။

C. ယောဘနှင့် သူ၏မိတ်ဆွေများသည် ကောင်းမကောင်း သိကျွမ်းရာအပင်၏ နယ်ပယ်မှာ ရှိနေခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကို ထိုနယ်ပယ်မှ ကယ်နုတ်၍၊ အသက်ပင်၏ နယ်ပယ်အဝန်းထဲသို့ ထားရှိရန် အားထုတ်တော်မူခဲ့သည် - ၁း၁။ ၂း၃။ ၁၉း၁၀။

D. ယောဘကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏အကြံအစည်တော်မှာ သူ့ကို ကောင်းမကောင်း၏ နည်းလမ်းမှ အသက်၏နည်းလမ်းသို့ လှည့်သွားစေရန်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ အမြတ်ရရှိစေရန် ဖြစ်သည် - ၄၂း၁-၆။

**III. ကျွန်ုပ်တို့သည် အသက်ပင်၏ ရှုပါရုံ - ခရစ်တော်၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏အစာဖြစ်ခြင်း၏ ရှုပါရုံကို လိုအပ်သည် - က၂း၉။ ဗျာ၂၂း၁-၂၊ ၁၄။**

A. အသက်ပင်သည် ခရစ်တော်၌ သုံးပါးတစ်ပါးဘုရားက မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ အစားအစာ၏ပုံစံ၌ အသက်အဖြစ် ဝေငှဖြန့်ဖြူးရန်ဖြစ်ကြောင်း ပုံဆောင်သည် - က၂း၉။

B. အသက်ပင်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်သည်။

1. ဘုရားသခင်၏အကြံအစည်တော်အရ မြေကြီးသည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပြီး၊ ဒေင်ဥယျာဉ်သည် မြေကြီး၏ အလယ်ဗဟိုဖြစ်ကာ၊ အသက်ပင်သည် ဒေင်ဥယျာဉ်၏ အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် စကြဝဠာသည် အသက်ပင်အပေါ် ဗဟိုပြုထားခြင်းပင် ဖြစ်သည်။
2. ဘုရားသခင်နှင့် လူနှစ်ဦးလုံးအဖို့ အသက်ပင်ထက် ပို၍ အလယ်ဗဟိုကျသော၊ အရေးကြီးသောအရာ ဘာမျှမရှိပါ - ၃း၂၂။ ဗျာ၂၂း၁၄။

C. ဓမ္မသစ်ကျမ်းက ခရစ်တော်သည် အသက်ပင်၏ပုံဆောင်ချက် ပြီးပြည့်စုံခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည် - ယော၊၁း၄။ ၁၅း၅။

D. ယောဟန်ဧဝံဂေလိစာစောင်၌ ဖွင့်ပြထားသည့် အရာအားလုံးပါဝင်သော ခရစ်တော်၏ သွင်ပြင်များအားလုံးသည် အသက်ပင်မှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည် - ၆း၄၈။ ၈း၁၂။ ၁၀း၁၁။ ၁၁း၂၅။ ၁၄း၆။

E. အသက်ပင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ဘုရားသခင်၏ရွေးနုတ်ခံလူများအားလုံး၏ ထာဝရဝေစု ဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊ ၂၂း၁-၂၊ ၁၄။

1. အသက်ပင်သည် အစအဦးမှ လူအတွက် ဘုရားသခင် ရည်ရွယ်ထားသည့်အရာကို ထာဝရကာလပတ်လုံး ပြီးပြည့်စုံစေသည် - က၊၁း၂၆။ ၂း၉။
2. အသက်ပင်၏အသီးများသည် ထာဝရကာလ၌ ဘုရားသခင့်ရွေးနုတ်ခံတို့အဖို့ အစားအစာဖြစ်လိမ့်မည်။ ဤအသီးများသည် စဉ်ဆက်မပြတ် လန်းဆန်းသစ်လွင်ပြီး၊ လတိုင်း အသီးသီးခြင်း ရှိလိမ့်မည်ဖြစ်သည် - ဗျာ၊၂၂း၂။

**IV. ကျွန်ုပ်တို့သည် အသစ်မွေးဖွားခံရသောအခါ ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အသက်ပင်အဖြစ် စိုက်ပျိုးခဲ့ပြီ ဖြစ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆၊၁၅။ ၁၁း၂၅။ ၁၅း၁၊ ၅။**

A. ကျွန်ုပ်တို့၏လက်တွေ့ အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် အသက်ပင်၏လမ်းကြောင်း၌ မရှိဘဲ၊ ကောင်းမကောင်းသိကျွမ်းရာ၏ လမ်းကြောင်း၌ ရှိနေခြင်းဖြစ်နိုင်ပေသည် - သု၊၁၆း၂၅။ ၂၁း၂။

B. ယောဘသည် ကိုယ်ကျင့်တရားနယ်ပယ်ရှိ တစ်စုံတစ်ရာကို ရှာဖွေဆည်းပူးခဲ့သည်၊ သို့သော် ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နယ်ပယ်အဝန်းရှိ တစ်စုံတစ်ရာကို ရှာဖွေဆည်းပူးသင့်ပါသည် - ၁ကော၊၁၅း၂၈။ ဧ၃း၁၆-၂၁။

C. ကျွန်ုပ်တို့၏နေ့စဉ် အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် ကောင်းမကောင်း သိကျွမ်းရာအပင်၏ နယ်ပယ်အဝန်း၌ မရှိသင့်ဘဲ၊ အသက်ပေးသောဝိညာဉ်တော်၏ နယ်ပယ်အဝန်း၌ ရှိသင့်ပါသည် - ၁ကော၊၁၅း၄၅ခ။ ရော၊၈း၂။

D. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို ဖြိုချ၍၊ ကျွန်ုပ်တို့၏အသက်နှင့် သဘောသဘာဝအဖြစ် ကိုယ်တော်ကိုယ်တိုင်ဖြင့် ပြန်လည်တည်ဆောက်ရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အကြွင်းမဲ့ တစ်လုံးတစ်ဝဖြစ်သည့် ပုဂ္ဂိုလ်များဖြစ်လာစေရန် ဖြစ်သည် - ၂ကော၊၁း၉။ ၄း၁၄။

© 2026 Living Stream Ministry